FMI

# အမှုဆောင်ဒါရိုက်တာများအား အစုရှယ်ယာများချီးမြှင့်ရန် သဘောတူခဲ့ခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် (“ကုမ္ပဏီ” နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ “ကုမ္ပဏီအုပ်စု”) ဒါရိုက်တာအဖွဲ့သည် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့တွင် ဒါရိုက်တာအဖွဲ့အစည်းအဝေးကျင်းပပြီးနောက် ကုမ္ပဏီ၏ ဝန်ထမ်းများအား ရှယ်ယာထုတ်ဝေချီးမြှင့်သည့်အစီအစဉ် (ESIS) အရ အစုရှယ်ယာ (၁၆,၂၀၀) (“မက်လုံးပေးအစုရှယ်ယာ”) ကို အမှုဆောင်ဒါရိုက်တာနှစ်ဦးအား ချီးမြှင့်ရန်အတွက် ကုမ္ပဏီ၏ လုပ်ခလစာချီးမြှင့်ရေးကော်မတီက သဘောတူခဲ့ကြောင်း ကြေညာအပ်ပါသည်။

ဝန်ထမ်းများအား ရှယ်ယာထုတ်ဝေချီးမြှင့်ရေးအစီအစဉ် (ESIS) ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့တွင် ပြုလုပ်ခဲ့သော နှစ်ပတ်လည် အထွေထွေအစည်းအဝေး၌ အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ကို ကုမ္ပဏီမှ ရရှိခဲ့ပြီးဖြစ်ပါသည်။

ကုမ္ပဏီ၏အောင်မြင်မှုအား ပိုမိုအထောက်အကူပြုနိုင်ရေးအတွက် အမှုဆောင်ဒါရိုက်တာများ အားတက်နိုင်စေရန် ချီးမြှင့်ပေးအပ်သော အဆိုပါအစုရှယ်ယာများသည် ချီးမြှင့်ပေးအပ်မည့်ကာလ (၄)နှစ် ရှိလိမ့်မည် ဖြစ်ပါသည်။

မက်လုံးပေးအစုရှယ်ယာများအား ချီးမြှင့်ရန်ခွင့်ပြုပြီးနောက်တွင် (ESIS) အရ ခွင့်ပြုခဲ့သော အစုရှယ်ယာအရေအတွက်မှာ (၂၇၆,၆၀၀) မှ (၂၉၂,၈၀၀) သို့ တိုးမြှင့်လာခဲ့ပါသည်။

ကုမ္ပဏီ၏ပြင်ပရှိ တစ်ဦးချင်းနှင့် အဖွဲ့အစည်းများလက်တွင် ရောက်ရှိနေသော စုစုပေါင်းအစုရှယ်ယာအရေအတွက်မှာ မပြောင်းလဲဘဲ (၂၃,၄၈၀,၀၁၃) ဆက်လက်ရှိနေပါသည်။

ဒါရိုက်တာအဖွဲ့အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၇) ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm